၂၀၂၀ ပြည့်နှစ် စက်တင်ဘာလ ၈ ရက်။ ရန်ကုန်။

**မြန်မာနိုင်ငံအနောက်ဘက်ခြမ်းတွင် ဖြစ်ပေါ်နေသော ပဋိပက္ခ၏အကျိုးသက်ရောက်မှုအပေါ် ထုတ်ပြန်ချက်။**

မြန်မာနိုင်ငံ၏ အနောက်ခြမ်းတွင်ဖြစ်ပွားနေသော ပဋိပက္ခကြောင့် လူသားချင်းစာနာမှုဆိုင်ရာ အကျိုးသက်ရောက်မှုများ ဆက်လက်ဖြစ်ပေါ်လျက်ရှိရာ ကုလသမဂ္ဂအနေဖြင့် များစွာ စိုးရိမ်ပူပန်မိပါသည်။ မကြာသေးမီ စက်တင်ဘာလ ၃ ရက်နေ့က တပ်မတော်နှင့် Arakan Army တို့အကြား ဖြစ်ပွားသော တိုက်ပွဲများကြောင့် ဘုရားပေါင်းနှင့် တောင်ပေါက် ကျေးရွာများ ဆိုးရွာစွာပျက်စီးခဲ့သကဲ့သို့ အိမ်ခြေများစွာ မီးလောင်ပျက်စီးခဲ့ပြီး အရပ်သားများစွာနေရပ်စွန့်ခွာထွက်ပြေးခဲ့ကြရသည်ကို များစွာစိုးရိမ်ပါသည်။

“ရခိုင်ပြည်နယ်မှာ ပစ်ခတ်တိုက်ခိုက်မှုတွေ မကြာသေးခင်က ပိုများလာတာကို စိုးရိမ်စွာနဲ့ စောင့်ကြည့်လျက်ရှိပါတယ်” ဟု ကုလသမဂ္ဂ ဌာနေညှိနှိုင်းရေးမှူးနှင့် လူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးမှူး မစ္စတာ အိုလာ အလ်မ်ဂရမ် က ပြောသည်။ မစ္စတာ အလ်မ်ဂရမ်က “ကုလသမဂ္ဂအနေနဲ့ ပါဝင်သူအားလုံးကို နိုင်ငံတကာ လူသားချင်းစာနာမှုဆိုင်ရာ ဥပဒေကို လေးစားဖို့၊ အရပ်သားပြည်သူတွေကို အကာအကွယ်ပေးဖို့၊ အကျိုးသက်ရောက်မှု ခံစားရတဲ့နေရာတွေကို လူသားချင်းစာနာမှုဆိုင်ရာပံ့ပိုးမှုတွေပေးနိုင်ရန် ခွင့်ပြုဖို့နဲ့ ကိုဗစ်-၁၉ ကပ်ရောဂါကို ကာကွယ်၊ တုန့်ပြန်ရေး ကြိုးပမ်းမှုလုပ်ငန်းတွေ လုပ်ဆောင်နိုင်ဖို့ တစ်ကမ္ဘာလုံး အပစ်အခတ်ရပ်စဲထားဖို့ အထွေထွေအတွင်းရေးမှူးချုပ်က ပန်ကြားထားတာကို အလေးထားဖို့ တိုက်တွန်းပါတယ်” ဟု ဆိုပါသည်။

ရခိုင်ပြည်နယ်တွင် ယခင်ကတည်းကရှိနေသော လူသားချင်းစာနာမှုဆိုင်ရာ စိန်ခေါ်မှုများမှာ မကြာသေးခင်က ဆက်လက်မြင့်တက်လျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ပြည်တွင်းကူးစက်မှုများကြောင့် ပိုမိုဆိုးရွာလာပါသည်။ အဆိုပါစိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းရန်နှင့် ကိုဗစ်-၁၉ ဆိုင်ရာ တုန့်ပြန်မှုများကို ပံ့ပိုးပေးနိုင်ရန်အတွက် ကုလသမဂ္ဂအနေဖြင့် မြန်မာနိုင်ငံအစိုးရနှင့်အတူ အပြည့်အဝ ဆက်လက်ဆောင်ရွက်၊ ပံ့ပိုးသွားမည်ဖြစ်ကြောင်း ကို ထပ်လောင်းပြောကြားအပ်ပါသည်။

***Media contacts:***

*Valijon Ranoev*

*OCHA, ranoev@un.org  +959797007815*

*Aye Win*

*UNIC, wina@un.org  09 42106 0343*

--